# ၄။ နိုင်ငံခြား ကုမ္ပဏီများ၏ ကုမ္ပဏီရုံးခွဲများ သို့မဟုတ် ကိုယ်စားလှယ်ရုံးခွဲများအား မှတ်ပုံတင်ခြင်း

## အဆင့် ၁

DICA သို့တင်ပြရန် လျှောက်လွှာစာရွက်စာတမ်းများကို ပြင်ဆင်ပါ

**၁** DICA မှ သို့မဟုတ် DICA ဝက်ဘ်ဆိုက်မှ ကုမ္ပဏီမှတ်ပုံတင် ပုံစံများကို ရယူပါ

၁။ ကုမ္ပဏီမှတ်ပုံတင်လျှောက်လွှာ
၂။ ကုမ္ပဏီ ဖွဲ့စည်းမှတ်ပုံတင်ကြောင်းကြေငြာချက (ပုံစံ-၁)
၃။ ကုမ္ပဏီ၏ ရုံးခန်းတည်နေရာအကြောင်းကြားစာ
၄။ တရားဝင်ဘာသာပြန်ဆိုမှုဖြစ်ကြောင်းကြေငြာချက
၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်သူ၏ အချက်အလက်အကျဉ်းချုပ် (ပုံစံ-၁၈)
၆။ လုပ်ငန်းဆောင်ရွက်ခွင့် ခွင့်ပြုမိန့် လျှောက်လွှာ (ပုံစံ - က)
၇။ ကုမ္ပဏီ မှဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်း ရည်ရွယ်ချက်များနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်မည်  မဟုတ်ကြောင်း ကတိဝန်ခံချက

(မူရင်း)
- မိခင်ကုမ္ပဏီ၏ ဒါရိုက်တာများစာရင်း
- ဌာနေကိုယ်စားလှယ် ၏ နိုင်ငံကူးလက်မှတ် မိတ္တူ သို့မဟုတ် နိုင်ငံသားမှတ်ပုံတင် မိတ္တူ

- * မိခင်ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ (အင်္ဂလိပ်ဘာသာဖြင့်)
- * မိခင်ကုမ္ပဏီ၏ အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ် (၂)နှစ် အတွက် နှစ်ပတ်လည် အစီရင်ခံစာ နှင့် နှစ်ချုပ်ရှင်းတမ်း
- * ဌာနေကိုယ်စားလှယ်၏ ခန့်အပ်လွှာ/လုပ်ပိုင်ခွင့်လွှဲအပ်စာ

လျှောက်လွှာတင်ထားသော ကုမ္ပဏီမှ တင်ပြရမည့် အခြားစာရွက်စာတမ်းများမှာ -
- မိခင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်

(* ပြထားသော စာရွက်စာတမ်းများအား နိုတာရီပြုလုပ်ပြီး နိုင်ငံခြားသား၏ နိုင်ငံရှိ မြန်မာသံရုံးတို့မှ အတည်ပြုချက်ရယူပါရန်)

## အဆင့် ၂

DICA တွင် နိုင်ငံခြား ကုမ္ပဏီ ရုံးခွဲ ဖွဲ့စည်းမှတ်ပုံတင် ပုံစံများအား တင်ပြပါ

**၂** DICA သို့ အချက်အလက်များဖြည့်သွင်းပြီး လက်မှတ်ထိုးထားသော နိုင်ငံခြားကုမ္ပဏီ ရုံးခွဲဖွဲ့စည်း မှတ်ပုံတင်ပုံစံများအားတင်သွင်းပါ

၁။ ကုမ္ပဏီမှတ်ပုံတင်လျှောက်လွှာ
၂။ ကုမ္ပဏီ ဖွဲ့စည်းမှတ်ပုံတင်ကြောင်းကြေငြာချက (ပုံစံ-၁)
၃။ ကုမ္ပဏီ၏ ရုံးခန်းတည်နေရာအကြောင်းကြားစာ
၄။ တရားဝင်ဘာသာပြန်ဆိုမှုဖြစ်ကြောင်းကြေငြာချက
၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်သူ၏ အချက်အလက်အကျဉ်းချုပ် (ပုံစံ-၁၈)
၆။ ကုမ္ပဏီ မှဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်း ရည်ရွယ်ချက်များနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်မည်  မဟုတ်ကြောင်း ကတိဝန်ခံချက
၇။ လုပ်ငန်းဆောင်ရွက်ခွင့် ခွင့်ပြုမိန့် လျှောက်လွှာ (ပုံစံ - က)
၈။ မိခင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက် (မူရင်း)
၉။ မိခင်ကုမ္ပဏီ၏ ဒါရိုက်တာများစာရင်း
၁၀။ ဌာနေကိုယ်စားလှယ် ၏ နိုင်ငံကူးလက်မှတ် မိတ္တူ သို့မဟုတ် နိုင်ငံသားမှတ်ပုံတင် မိတ္တူ
၁၁။ မိခင်ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ (အင်္ဂလိပ်၊မြန်မာ (၂)ဘာသာဖြင့်)
၁၂။ မိခင်ကုမ္ပဏီ၏ အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ် (၂)နှစ် အတွက် နှစ်ပတ်လည် အစီရင်ခံစာ နှင့် နှစ်ချုပ်ရှင်းတမ်း
၁၃။ ဌာနေကိုယ်စားလှယ်၏ ခန့်အပ်လွှာ/လုပ်ပိုင်ခွင့်လွှဲအပ်စာ

## အဆင့် ၃

နိုင်ငံခြားကုမ္ပဏီရုံးခွဲ ဖွဲ့စည်း မှတ်ပုံတင်ကြေး နှင့် တံဆိပ်ခေါင်းခွန် ပေးဆောင်ပါ

**၃** OSS (သို့မဟုတ်) ပြည်တွင်းအခွန်များဦးစီးဌာနတွင် တံဆိပ်ခေါင်းခွန် ပေးဆောင်ပါ

**၄** OSS တွင် မှတ်ပုံတင်ကြေးအား ပေးဆောင်ပါ

၁။ OSS မှ ထုတ်ပေးသည့် ငွေသွင်းချလံ ပုံစံ

+ ၅၀၀,၀၀၀ ကျပ်

## အဆင့် ၄

မှတ်ပုံတင်လက်မှတ် (ယာယီ) နှင့် ခွင့်ပြုမိန့် (ယာယီ) ရယူပါ (ဆန္ဒပြုထားပါက) ရယူပါ

**၅** DICA မ မှတ်ပုံတင်လက်မှတ (ယာယီ) နှင့် ခွင့်ပြုမိန့် (ယာယီ) တို့အား ရယူပါ (ဆန္ဒပြုထားပါက)

၁။ DICA မှ ထုတ်ပေးသော လုပ်ငန်းဆောင်ရွက်ခွင့် အကြောင်းကြားစာ
၂။ DICA မှ ထုတ်ပေးသော ဖွဲ့စည်းတည်ထောင်ပြီးနောက် လိုက်နာရန်အချက်များ အကြောင်းကြားစာ
၃။ DICA မှ ထုတ်ပေးသော နိုင်ငံခြားကုမ္ပဏီရုံးခွဲမှတ်ပုံတင် လက်မှတ် (ယာယီ)
၄။ DICA မှထုတ်ပေးသော နိုင်ငံခြားကုမ္ပဏီရုံးခွဲ ခွင့်ပြုမိန့် (ယာယီ)

## အဆင့် ၅

အနည်းဆုံးကနဦး မတည်ရင်းနှီးငွေ လွှဲပို့ရန်နှင့် အခြားလိုအပ်သော စာရွက်စာတမ်းများ တင်ပြပါ

**၆** အနည်းဆုံးလိုအပ်သည့် မတည်ရင်းနှီးငွေ လွှဲပို့ပြီးကြောင်း ဘဏ်မှ ထုတ်ပေးသည့် အထောက်အထားနှင့် လက်မှတ်ထိုးထားသော စည်းမျဉ်းသတ်မှတ်ချက်စာတမ်းတို့ကို DICA သို့တင်ပြပါ

၁။ အနည်းဆုံးယူဆောင်လာရမည့် မတည်ရင်းနှီးငွေလွှဲပို့ပြီးကြောင်း အတည်ပြုပေးသော ဘဏ်မှအထောက်အထား
၂။ ဖတ်ရှုပြီး လက်မှတ်ရေးထိုးပြီးသော ဖွဲ့စည်းမှတ်ပုံတင်ခြင်းနှင့် ပတ်သက်သော လိုက်နာရန် အချက်များ

ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီများအတွက အနည်းဆုံး ယူဆောင်လာရမည့် မတည်ငွေရင်းမှာ အမေရိကန်ဒေါ်လာ ၅၀,၀၀၀

အခြားလုပ်ငန်းများလုပ်ကိုင်မည့် နိုင်ငံခြားကုမ္ပဏီများအတွက အနည်းဆုံး ယူဆောင်လာရမည့် မတည်ငွေရင်းမှာ အမေရိကန်ဒေါ်လာ ၁၅၀,၀၀၀ ဖြစ်သည်။

## အဆင့် ၆

မှတ်ပုံတင်လက်မှတ် (မူရင်း) နှင့် ခွင့်ပြုမိန့် (မူရင်း) ရယူပါ

**၇** မှတ်ပုံတင်လက်မှတ် (မူရင်း) နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့် (မူရင်း) တို့အား DICA ရယူပါ

၁။ DICA မှ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ (မူရင်း)
၂။ DICA မှ ထုတ်ပေးသော ခွင့်ပြုမိန့်(မူရင်း)